


# "DEEP"

(Chapter - 4)
(Final)

By
Muehnin Phyu

## အပိုင်း (၃၁)

"အကုန်လုံး ရပ်စမ်း..!!!!!"

အသံက အရမ်းမကျယ်လွန်းသော်ငြား တိုက်ခိုက်နေသူအကုန်လုံးကို ချက်ချင်းငြိမ်ကျသွားစေသည်။ သို့သော် မိုးမခ နှင့် ကျန်အဖွဲ့များမှာတော့ မရှုမလှ အချုပ်ခံထားရသည်။ မကြာပါ။ မုန်းက ဝေး အား ဓားဖြင့်ရွယ်ထားသော Ghoul တစ်ယောက်အား ဆွဲခွာလျက် မျက်ခွက်အားတစ်ချက်ပင့်တင်ပစ်လိုက်၏။ ထို့နောက် အရှိုက်တည့်တည့်အား ဆောင့်ကန်လိုက်ကာ ခပ်ဝေးဝေး လွင့်သွားစေသည်။

ဝေး ကမူ ထိုလူသားလုပ်သမျှအား ငေးကြောင်ကြည့်နေလေ၏။ အမှန်ကမူ အပြစ်လုပ်ထားမိသော ကလေးလေး လူမိသွားသည့်နှယ် ငြိမ်ကုပ်နေခြင်းပင်။

"ကိုကို အဆင်ပြေရဲ့လား...

ကျစ်..!! ဘာလို့ ဒီကိုလာတာလဲဗျာ .."

ဝက်မုန်း သည်ကား ဓားထိထားသော ဝေး၏ လက်မောင်းလေးအား မဝံ့မရဲ ဆွဲယူကာ ဒဏ်ရာအား စစ်ဆေးပေးနေ၏။ မုန်း ဒေါသထွက်မနေမှန်း သိလိုက်သည်နှင့် ဝေး၏ အမူအရာက ချက်ချင်းပြောင်းသွားခဲ့သည်။

"ငါက လာလို့မရဘူးလား.."

"မဟုတ်ဘူးလေ.. ကိုကို လာချင်ရင် လာလို့ရတာပေါ့..

ဒီလိုတော့ မဟုတ်ဘူးလေ။ အခုကြည့်။ ထိခိုက်ကုန်ပြီမလား..."

"ဘာမှမဖြစ်ပါဘူး..."

"ဘာကိုဘာမှမဖြစ်ဘူးလဲ..."

ဆူပုပ်ပုပ်နှင့် ပြောလာသော မုန်း ကြောင့် ဝေး လည်း ထပ်မပြောရဲတော့ပေ။ ဤစကားအသွားအလာအရ မုန်း အကုန်သိပြီးလောက်ပြီ မဟုတ်ပါလား။ မသိချင်ယောင်ဆောင်နေခဲ့ခြင်းသာ ဖြစ်ချေလိမ့်မည်။

ဝေးသည်လည်း အပြစ်ရှိသလို ခံစားလာရသည်ကြောင့် ဘာမှထပ်မပြောတော့ပဲ ငြိမ်နေလိုက်တော့သည်။ မိုးမခတို့မှာမူ ပူပန်လွန်းအားကြီးနေသော မုန်းကိုတစ်လှည့် စကားနားထောင်သယောင် ငြိမ်ကုပ်နေသော ဝေး ကို တစ်လှည့်ကြည့်ကာ ကြောင် အ နေကြ၏။

သူတို့ ဖမ်းချုပ်ခံထားရသည်ကိုပင် ခဏမျှ မေ့သွားကြဟန်တူပါသည်။ မုန်းကမူ ကျစ်ခနဲ တစ်ချက်အသံပြုကာ ဝေး ၏ လက်ကိုအသာဆွဲလျက် အခန်းတစ်ခုဆီသို့ ခေါ်ဆောင်သွားရန်ပြင်သည်။

"အကုန်ချုပ်ထား။ ငါပြန်လာခဲ့မယ်.."

"ဟုတ်ကဲ့..!"

ဝက်မုန်း ၏ အမူအရာကိုကြည့်လျက် မည်သူ့ကိုတော့ဖြင့် မထိသင့်သည်ကို သွက်လွန်းသော Ghouls များက နားလည်သွားခဲ့သည်။ မုန်းလက်ချက်မိသွားသော အဖွဲ့သားတစ်ယောက်ကမူ အမြန်ကုန်းထလျက် ခေါင်းငုံ့ကာ တောင်းပန်စကားဆို၏။

"ကျွန်တော် တောင်းပန်ပါတယ်...."

ထိုလူကိုမြင်တော့ မုန်းက ဒေါသပြန်ထွက်လာကာ ထပ်ထိုးရန် ဟန်ပြင်နေသည်ကြောင့် ဝေးက အသာပြန်ဆွဲထားရပြန်သည်။

"သူက မင်း အမိန့်အတိုင်းလုပ်တာလေ။ သူ့အမှားမှမဟုတ်တာ..."

"ကျစ်..!! ကိုကိုဗျာ..."

အားမလိုအားမရ လေသံဖြင့် မျက်နှာကြီး မည်းမှောင်နေသော မုန်းကိုကြည့်လျက် ခပ်တိုးတိုးရယ်လိုက်မိသည်။ ထိုအခါ မုန်း က မကြည်ကြည့် တစ်ချက်ကြည့်ကာ ဝေး ၏ လက်ကောက်ဝတ်အား ဆွဲကိုင်လျက် သူ့အခန်းဆီသို့ ခေါ်သွားတော့သည်။

ကျန်ရစ်ခဲ့သော မိုးမခတို့အဖွဲ့မှာတော့ ကြောင်တောင်တောင်နှင့် ထိန်းချုပ်ခန်းဆီသို့ ခေါ်ဆောင်သွားခြင်းခံရလေ၏။

အခန်းထဲရောက်သော် မုန်းက ဝေးအား ကုတင်ပေါ်ထိုင်စေ၏။ သူကမူ ဆေးသေတ္တာ သွားရှာနေလေသည်။ မုန်း ၏ အခန်းတစ်ခန်းက ဝေး တိုက်ခန်း တစ်ခန်းစာလောက်ရှိသည်။ ကြီးမားသော နှစ်ယောက်အိပ်ကုတင်ကြီးနှင့်အတူ ဘေးတွင်လည်း စားပွဲဝိုင်းလေးနှင့် ထိုင်ခုံနှစ်ခုံချထား၏။ ကြမ်းပြင်၌ အမွေးပွကော်ဇောများ ခင်းထားကာ အခန်းက သန့်ရှင်းသပ်ရပ်နေသည်။ အလှဆင်ထားသည့် မီးဆိုင်းကလည်း ခမ်းနားလွန်း၏။

မှန်ပြတင်းရှည်ကြီးမှတစ်ဆင့် မြင်နေရသော မြင်ကွင်းက ဂိုထောင်စခန်းတစ်ခုလုံးအား သိမ်းကြုံး မြင်ရလေသည်။ မုန်း အခန်းထဲသို့ပြန်ဝင်လာတော့ တစ်ခန်းလုံးအား စေ့စေ့စပ်စပ်လိုက်ငေးနေသော ဝေး အား တွေ့လိုက်ရသည်။ ချစ်စရာကောင်းလွန်းသည်ကြောင့် ပွေးဖက်လိုက်ချင်သည့်စိတ်များအား အတင်းထိန်းချုပ်လျက် ဝေး ၏ ရှေ့၌ ဝင်ထိုင်လိုက်သည်။

"နာနေလား.."

"ဖြစ်နေကျ ပါ.."

"အင်္ကျီထူချွတ်လိုက်ပါလား..။ ကျွန်တော် ဆေးထည့်ပေးမယ်.. "

ထိုအခါ ဝေးက တိတ်ဆိတ်စွာဖြင့် အင်္ကျီချွတ်လိုက်သည်။ ထိုအခါ အနက်

ရောင်တီရှပ်လက်တိုသာ ဝတ်ဆင်ထားသော ဝေး၏ လက်မောင်းဒဏ်ရာက ထင်ရှားစွာထွက်ပေါ်လာခဲ့သည်။ ထို့နောက် ဝေး က မျက်နှာပေါ်မှ Mask ကိုပါ ဆွဲချွတ်လိုက်သည်။

ဝေး၏ ဒဏ်ရာအားတွေ့လိုက်သည်နှင့် မုန်း၏ မျက်ဝန်းတို့အေးစက်သွားခဲ့သည်။ ခဏကြာမှ သက်ပြင်းအသာချလျက် ဝေး၏ ဒဏ်ရာကိုသာ တိတ်တဆိတ်ဆေးထည့်ပေးနေတော့သည်။ မကြာမကြာ မနာအောင် လေအေးအေးလေး မှုတ်ပေးလိုက်သေး၏။

ဝေး ကမူ ထိုကလေးငယ်အား တစ်ချိန်လုံး ငေးကြည့်နေမိသည်။ ဝေး ငေးကြည့်နေသည်ကို မုန်း သတိထားမိသော်လည်း မသိချင်ယောင်ဆောင်ကာ ဆေးကိုသာ ဂရုတစိုက်ထည့်ပေးနေခဲ့သည်။

မကြာပါ။ မုန်း ၏ နှုတ်ခမ်းလေး နွေးခနဲ ဖြစ်သွား၏။ အံ့သြတကြီး မော့ကြည့်မိတော့ ပြုံးပြနေသော ဝေး အားတွေ့လိုက်ရသည်။ အချိန်အတော်ကြာသည်အထိ အလန့်မပြေသေးပဲ ပြူးကြောင်ကြောင်လေး ငေးကြည့်နေသော မုန်း ကြောင့် ဝေး ရယ်လိုက်မိသည်။

သူ့နှုတ်ခမ်းလေးအား ခပ်ဖွဖွနမ်းလိုက်သည်က ဤမျှလောက် သူ့အား လန့်သွားစေခဲ့ပါလျှင် ယခုလိုထပ်လုပ်လိုက်ပါက မည်သို့ဖြစ်သွားလိမ့်မည်ကို သိချင်လွန်းလှပါ၏။

အတွေးနှင့်ထပ်တူပင် ခန္ဓာကိုယ်က လှုပ်ရှားသွားခဲ့ကာ ဝေး ၏ နှုတ်ခမ်းပါးနှင့် မုန်း၏ နှုတ်ခမ်းပါးလေးတို့ ထပ်တူကျသွားခဲ့၏။ ထိုအခါ မျက်လုံးလေး ဝိုင်းနေသောမုန်းက ပြူးကျယ်လာသည့်အဆင့်သို့ ရောက်ရှိသွားခဲ့သည်။

ဝေး ၏ နှုတ်ခမ်းပါးများ ထွက်ခွာသွားသည့်အချိန်အထိ မုန်း က ကျောက်ရုပ်ကြီးတစ်ရုပ်နှယ် တောင့်တောင့်ကြီး ထိုင်ကျန်နေခဲ့သည်။ မျက်

စံလေးကသာ ဝေး ထံသို့ တဖြည်းဖြည်း လိုက်ပါလာခဲ့၏။

ခဏကြာမှ ဝုန်းခနဲ ထ ရပ်ကာ ဝေး အား တင်းကြပ်စွာ သိုင်းဖက်လိုက်တော့သည်။ ဖက်တွယ်ထားသည်မှာ တင်းကြပ်လွန်းသည့်ကြောင့် အသက်ရှူပင် ကြပ်ချင်လာရ၏။

"မုန်း ကိုယ့်ကို လွှတ်ပါဦးကွာ.."

ထိုအခါ အတင်းဖက်တွယ်ထားသော ပေါက်စက အသည်းအသန် ခေါင်းခါ၏။

"ကိုယ် ထွက်မပြေးပါဘူး.."

သို့သော် အတင်းဖက်တွယ်ထားကာ ခေါင်းရမ်းနေဆဲပင်...

"ကိုယ် အသက်ရှူကြပ်လာပြီ..."

ထိုအခါ ဖယ်တွယ်ထားသည်အား အတန်ငယ်ဖြေလျှော့ပေးလာခဲ့၏။ သို့သော် လွှတ်မပေးခဲ့ပါချေ။ မုန်း၏ ကလေးဆန်လှသည့်အပြုအမူကြောင့် ဝေး ခပ်တိုးတိုးရယ်မိ၏။ ထို့နောက် အသာပြုံးကာ မုန်းအား ပြန်လည်ဖက်တွယ်ထားလိုက်တော့သည်။

ထိုကလေး သိနေခဲ့သည်။ ဒီပါဝေး က ဘယ်သူမှန်း သိနေခဲ့သည့်အပြင် အတိတ်က ဘယ်လို အဖြစ်ဆိုးကြီးအား တွေ့ကြုံခဲ့ရသည်ကိုလည်း သိနေခဲ့သည်။

ဝေး ဘာလုပ်သည်ကိုလည်း သိနေခဲ့သည့်အပြင် ဘယ်လိုလူမျိုးမှန်းလည်း သိနေခဲ့သည်။ သို့သော် ဝေး ၏ ဘေး၌သာတွယ်ကပ်နေလျက် ဒီပါဝေးဟူသော ဖြစ်တည်မှုလေးကိုသာ ဖက်တွယ်ထားခဲ့သည်။

ကိုယ်ဆိုတဲ့ ဖြစ်တည်မှုသပ်သပ်လေးကို လက်ခံပေးသည့်၊ ချစ်ပေးသည့် ဤလူသားလေးအား ဘယ်လိုစိတ်နှင့် လက်လွှတ်လိုက်ရပါမည်နည်း။ လုံး

ဝ မဖြစ်နိုင်ပါချေ။

ထိုသည်ထက် ဝင်္ကမုန်းဟူသော လူသားလေးအား ဒီပါဝေး ဟူသော ကျွန်တော်က သိပ်မြတ်နိုးရသည်လေ...

အချိန်အတော်ကြာသည်အထိ လွှတ်မပေးလာသော်လည်း ဝေးက စိတ်ရှည်ရှည်ဖြင့် ပြန်လည်ပွေ့ဖက်ထားပေးခဲ့သည်။

"အကုန်သိနေတာလား.."

"အင်း.."

"ဘယ်ကတည်းကလဲ.."

"သိပ်မကြာသေးဘူး.."

"ဘုန်းခေတ်ကျော် နဲ့ အသိတွေလား.."

ထိုအခါ ပြေလျော့စ ပြုနေသော မုန်း၏ လက်တို့က ပြန်လည်တင်းကြပ်သွားခဲ့သည်။

"ကျွန်တော် သူ့ကို သတ်မှာ.."

"........"

မုန်း၏ ဒေါသအား ခံစားမိသည်ကြောင့် ဝေး လည်း ဆက်မမေးတော့ပဲ ခဏ ငြိမ်နေလိုက်သည်။ ခဏကြာမှ စကားလမ်းကြောင်းလွှဲလျက် ထပ်မေးလိုက်သည်။

"ကိုယ် ဒီအလုပ်တွေလုပ်နေတာ သိတယ်ပေါ့.."

ထိုအခါ မုန်းက ဖက်တွယ်ထားရာမှ လွှတ်ပေးလိုက်၏။ သို့သော် ဝေး ၏ လက်ကိုတော့ တင်းကြပ်စွာ ဆုပ်ကိုင်ထားသေးသည်။

"အင်း.. Bartender Wei က Leader မုန်း ကျွန်တော့်လိုအဆင့်က မသိပဲနေ

မလား.."

"အိုး... ဝံပုလွေပေါက်လေးပါပေါ့.."

ထိုအခါ မုန်း က စူပုပ်ပုပ်နှင့် မျက်စောင်းထိုးလာသည်ကြောင့် ဝေး ခပ်ဟဟရယ်လိုက်မိသည်။

"DP ကုမ္ပဏီကလည်း ကိုဝေး အပိုင်မှန်း မှန်းဆမိသားပဲ။ ဒီပါလေ ဟုတ်တယ်မလား..

ကျွန်တော် နယ်ဘက်ခဏဆင်းတုန်းက မထင်မှတ်ပဲ ကိုကို့အကြောင်းကြားခဲ့ရတာ...

DP ကလည်း အခုတလော GR ကို ပစ်မှတ်ထားနေတယ်လေ။ ဆက်စပ်ကြည့်ရင် ကိုကိုလုပ်နေတယ်ဆိုတာ ခန့်မှန်းလို့ရနေတယ်...

ဒါပေမယ့် ကျွန်တော့် ခန့်မှန်းချက် သပ်သပ်ပါပဲ.."

"ကိုကို့ ကလေးလေးက တော်သားပဲ.."

ထိုအခါ မုန်း က ရီဝေစွာ ငေးကြည့်လေ၏။ အတော်ကြာအောင် ငေးကြည့်နေရင်းမှ အကြည့်တို့က ဝေး ၏ နှုတ်ခမ်းပါးများထံ ရောက်သွားခဲ့သည်။

"ကိုကို..."

"ဟင်.."

"ကျွန်တော် ကိုကို့ ကို နမ်းချင်တယ်.."

ယခင်တစ်ခေါက်က ဝေး ၏ အပြုအမူကြောင့် မုန်း အလွန်သတိထားလွန်းနေမှန်း သိသာလှ၏။ မုန်း ၏ သတိထားလွန်းနေသော အပြုအမူအား ဝေး က အပြုံးနုနုဖြင့် ငေးကြည့်နေလေသည်။ ခဏအကြာ မျက်ဝန်းများအား မှိတ်ချပေးလိုက်တော့ နူးညံ့သော နှုတ်ခမ်းပါးလေး တစ်စုံက ဝေး ၏ နှုတ်ခမ်းပါးထက် သက်ဆင်းလာခဲ့သည်။

ယခင်တစ်ခေါက် ဖြစ်ခဲ့သလို ထပ်ဖြစ်လာမည်စိုးသည်ကြောင့် အရမ်းရှေ့မတိုးရဲပဲ နူးနူးညံ့ညံ့လေးသာ ဂရုတစိုက်နမ်းရှိုက်နေလေ၏။ မုန်း၏ သွယ်လျသော လက်ချောင်းတို့က ဝေး ၏ ဆံပင်လေးများကြား ပြေးလွှားနေခဲ့သည်။ ကျန်လက်တစ်ဖက်ကမူ ဝေး ၏ လက်အား မလွှတ်တမ်း တင်းကြပ်စွာ ဆုပ်ကိုင်ထားလေ၏။

ထိုအချိန်၌ ဝေး ၏ စိတ်ထဲ၌ တွေးနေမိသည်ကားတစ်ချက်တည်းသာ....

နွေးထွေးလွန်းသည်...

ထိုနွေးထွေးသော အနမ်းများက လုံခြုံမှုကိုလည်း ပေးစွမ်းနိုင်သေး၏။ အေးချမ်းမှုကိုလည်း ဖော်ဆောင်ပေးသေးသည်။ မြတ်နိုးမှုတို့ကလည်း ပြည့်လျှံနေသေး၏။

ရောက်ရှိလာမည့် တစ်နေ့၌ ဤစကားလေးကိုတော့ဖြင့် ဒီကလေးငယ်ထံ သေချာပေါက် ပြောရပေလိမ့်မည်။

~~ သိပ်ကို ချစ်ရပါတယ်လို့ပေါ့..~~

***

# အပိုင်း (၃၂)

ကျယ်ဝန်းလှသော အခန်းကြီးထဲရှိ မှန်ပြတင်းရှည်ကြီး၏ ရှေ့၌ အေးအေးလူလူရပ်နေသော လူသားလေးတစ်ယောက်ရှိ၏။ ထိုလူသားလေးအား အနောက်ဘက်မှ သိမ်းကြုံးပွေ့ဖက်ထားသော လူသားလေးတစ်ယောက်လည်း ရှိသေးသည်။

ဝေး ကမူ သူ၏ ခါးတစ်ပိုက်ရစ်တွယ်ထားသော မုန်း၏ လက်များအားပြန်လည်ဆုပ်ကိုင်ထား၏။ မုန်း သည်လည်း စကားတစ်ခွန်းမဆိုပဲ ဝေး ၏ ပုခုံးထက် ခေါင်းအပ်ထားကာ တင်းကြပ်စွာ ပွေ့ဖက်ထားလေ၏။

"မုန်း အကုန် သိနေရဲ့နဲ့ ဘာလို့ဘာမှမမေးတာလဲ.."

"ကိုကို ပြောပြလာမှာကို စောင့်နေတာ.."

မုန်း၏ အပြောကြောင့် ခေါင်းမော့ကြည့်မိတော့ မုန်းက ဝေး၏ နှုတ်ခမ်းပါးလေးထံ အနမ်းဖွဖွလေး ခြွေ၏။

စိတ်ကိုအသင့်ပြင်ကာ သက်ပြင်းရှည်ကြီးချလိုက်တော့ မုန်းက အလိုက်သိစွာ ပွေ့ဖက်ထားသည်အား ပိုမိုတင်းကြပ်စေလိုက်သည်။ ဤလူသားအား လက်မောင်းထဲ၌ ထည့်လျက် တင်းကြပ်စွာပွေ့ဖက်ထားပေးလိုက်ပါက သူလေး စိတ်သက်သာရာ ရလိုရငြားပေါ့....

"ကိုယ့် မိဘတွေက ကိုယ်မွေးပြီးပြီးချင်း ကိုယ့်မွေးစားမိဘတွေလက်ထဲ အပ်ထားခဲ့တာ..."

".........."

***

၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်...

"စား.. စား.. နင်ကတော့ စားဖို့ပဲ သိတယ်။ ငါ့သားတွေမှာတော့ တိုင်းတစ်ပါးမှာ ပိုက်ဆံတွေ ပင်ပင်ပန်းပန်းရှာလိုက်ရတာ...

နင်ကတော့ အခန့်သားလေး စားလိုက် ၊ စာလေးသင်လိုက်နဲ့ ဟုတ်နေတာပဲ..."

ကြားရပြန်ပါပြီ။ ဤစကားအား နားနှင့်မဆံ့အောင်ကြားခဲ့ရသည်မှာ အလွတ်ပင်ရချေတော့မည်။ အသက်တစ်ခါရှူတိုင်း ဘာစောက်သုံးမှမကျဘူး ဟူသော ဆဲဆိုသံအား တစ်ခါကြားရ၏။

မျက်တောင် တစ်ခါခတ်ချိန်တိုင်း စကားနာတစ်ခါထိုးခံရ၏။ ထမင်းတစ်လုပ်စားတိုင်း အဆိပ်တစ်လုပ်မြိုရသည်နှင့် မခြားလှပေ။ ကျွန်တော်လည်း သူ့သားပဲ မဟုတ်ဘူးလား...။ ဘာလို့ ကျွန်တော်မှလဲ..။ အစ်ကိုတွေနဲ့ အစ်မတွေလည်း သုံးဖြုန်းနေကြတာပဲ။ ဘာလို့ ကျွန်တော့်ကိုပဲလဲ....

ဘာလို့ ကျွန်တော့်ကိုပဲ အပြစ်ဆိုနေရတာလဲ...

ဘာလို့လဲ ...

လှိုက်တက်လာသော ဝမ်းနည်းမှုများအား အသာမြိုသိပ်လျက် ထမင်းကိုသာ ခပ်သုတ်သုတ်စားလိုက်ရသည်။ ထို့နောက် စာအုပ်ကိုထုတ်လျက် အိမ်စာလုပ်ရန်ပြင်လိုက်၏။ ဤအချိန်အထိ ခပ်တိုးတိုးကျိန်ဆဲသံက နားထဲကပ်ပါလာသေးသည်။

"တစ်ကယ်ပါပဲ.. ကျွေးမွေးထားရလည်း ကျေးဇူးကိုမသိတတ်ဘူး.."

ခဏအကြာ အစ်ကိုဖြစ်သူက အပြင်မှပြန်ရောက်လာခဲ့သည်။ ဝေး စာလုပ်နေသည်ကိုမြင်တော့ စာအုပ်ကို ဆွဲယူလျက် အဝေး သို့ ပစ်ထုတ်

လိုက်၏။ ထို့နောက် စားပွဲဝိုင်းရှေ့၌ ထိုင်နေသော ဝေး အား ဆောင့်ကန်လိုက်သည်။

"ငါ့အစ်ကို ရှာထားတဲ့ ပိုက်ဆံတွေက မင်းစာသင်ရင်း သုံးဖြုန်းပစ်ဖို့ မဟုတ်ဘူးကွ...

မင်းနားလည်လား..!!"

ပြောရင်းနှင့်ပင် ဝေး အား လက်သီးဖြင့် တစ်ချပ်ချပ်မြည်အောင် ဆွဲထိုးနေလေ၏။

"ဟိုတစ်ယောက်.. မဟုတ်တာတွေလုပ်မနေပဲ ထမင်းလာစား.."

ထိုအခါမှ အစ်ကိုဖြစ်သူက ဝေး ပေါ်မှ ထသွားကာ ထမင်းစားခန်းထဲသို့ ဝင်သွားခဲ့သည်။ ထိုအခါမှ ဝေး သည်လည်း လဲကျနေရာမှထလျက် နှုတ်ခမ်းထောင့်မှ သွေးများအား အသက်မပါစွာ သုတ်ဖယ်နေမိသည်။ သေလုမတတ် အရိုက်ခံရသော နေ့ရက်တွေက ဒီပါဝေး အဖို့ရိုးနေပြီလေ..

မနာကျင်ဘူးလား မေးလျှင်တော့ နာကျင်ပါ၏။ အသည်းခိုက်လောက်အောင် နာကျင်မိပါသည်။ ဘာအမှားလုပ်မိသည်ကြောင့် တစ်အိမ်လုံး၏ အမုန်းအား ခံယူနေရသည်မသိခဲ့ပါသော်လည်း အတော်နာကျင်ရပါ၏။

နှုတ်ခမ်းထောင့်စွန်းမှ ဒဏ်ရာထက်၊ ဝမ်းဗိုက်မှ စူးအောင့်နေသော ဒဏ်ရာထက် အသည်းနှလုံးမှ ဒဏ်ရာက ဆတ်ဆတ်ခါအောင် နာလှပါ၏။

ပြဿနာမဖြစ်ချင်သည်ကြောင့် လွယ်အိတ်ကို ကိုင်ဆွဲလျက် အိမ်အပြင်ဘက်သို့ထွက်လာခဲ့လိုက်သည်။ ထိုအချိန် ထမင်းစားခန်းထဲမှ ထွက်လာကာ ကျိန်ဆဲနေသော အမေ့အသံက နားထဲ ဝင်ဖြစ်အောင် ဝင်လာပါသေး၏။

"စာတော်လား ဆိုတော့လည်း မတော်ဘူး။ အဲ့တာကို စာသင်ပြီး ငါ့

သားသမီး ပိုက်ဆံ သုံးဖြုန်းနေသေးတယ်..

အလကား ဆန်ကုန်မြေလေး.."

ယနေ့အဖို့ တော်လောက်ပြီ။ နေ့စဥ်နှင့်အမျှ ကြားနေရသော စကားများ ဖြစ်သည့်တိုင် ယနေ့အဖို့ ၁၈ နှစ်သားအရွယ် ဒီပါဝေးအတွက် လုံလောက်တာထက်ပိုလွန်းနေပေပြီ။

လွယ်အိတ်လေးအား ဆွဲကာ မိမိ၏ လှိုဏ်ဂူကဲ့သို့ နေရာလေးထံသွားလိုက်တော့ ဖြူဖြူလုံးလုံး ကလေးငယ်လေးက နှုတ်ခမ်းလေးထော်ကာ စောင့်ဆိုင်းနေလေ၏။ ဝေး ကို မြင်တော့ မျက်လုံးလေး အရောင်လက်လျက် ခြေထောက်တိုတိုလေးများဖြင့် ပြေးလာခဲ့သည်။

"ကိုကို လာပြီ..."

"......"

"ဟင် ကိုကို ဒဏ်ရာရနေတယ်... နာနေလားဟင်.."

ပါးဖောင်းဖောင်းလေး နီရဲလာကာ မျက်ရည်ဥလေးများသီလျက် မေးလာသည့်ကလေးငယ်ကြောင့် ဝေး ပြုံးပြကာ ခေါင်းခါလိုက်မိသည်။

"အင့် ကိုကို့ အတွက်..."

သူ့အိတ်ကပ်သေးသေးလေးထဲ၌ ထည့်ထားသော ချိုချဥ်လေးအား ကိုကို့အတွက်ဟုဆိုကာ စိတ်လိုလက်ရ ထုတ်ပေးလာခဲ့သည်။ ဝေး လည်း သူ့ကို ပြုံးပြလျက် ချိုချဥ်လေးအား လှမ်းယူလိုက်၏။

"ကျေးဇူးနော်.. ဒီနေ့ရော မိထွေးက နှိပ်စက်လို့လား..."

ထိုအခါ ထိုကလေးလေးက ခေါင်းအသာငြိမ့်ပြ၏။

"မုန်း ကိုပဲ အပြစ်ပြောနေတယ်။ သူ့သားကျ အပြစ်မပြောဘူး.."

နှုတ်ခမ်းလေးထော်ကာ တိုင်တန်းနေသော ပေါက်စီလုံးလေးက ချစ်စရာ

ကောင်းလွန်းနေသည်ကြောင့် ခပ်တိုးတိုးရယ်ကာ သူ၏ ခေါင်းလေးအား အသာဆွဲဖွပေးလိုက်သည်။

"မုန်း ကို ဘယ်သူမှမချစ်ပေးလည်း ကိုကိုကတော့ ချစ်ပေးနေမှာ။ မုန်း ကို အမြဲ ကာကွယ်ပေးမှာ..."

"တစ်ကယ်လား.."

"အင်း... ဒီမှာ အကြာကြီးမနေနဲ့လေ.. ဒီမှာက မလုံခြုံဘူး.."

"ဟင့်အင်း မုန်းအတွက် ကိုကိုရှိနေတဲ့နေရာလောက် ဘယ်နေရာကမှ မ လုံခြုံဘူး...

ကိုကို.. မုန်း ကြီးလာရင် ကိုကိုနဲ့ နေမယ်နော်...

နော် ကိုကိုနော်.. "

မျှော်လင့်တကြီး ပြောလာသော ထိုကလေးငယ်လေး၏ စကားအား ခေါင်းငြိမ့်မိသလား၊ ခေါင်းခါမိသလားပင် မသိတော့ချေ။ ထိုကလေးငယ်လေးကတော့ သူ၏ ချိုချဥ်လေးကိုသာ ခေါင်းငုံ့လျက် ငြိမ်သက်စွာ စားနေလေ၏။

မိမိအတွက် အားကိုးရာမရှိသော်လည်း သူလေးအတွက် ရင်ဖွင့်ဖော် အဖြစ်၊ စိတ်အေးချမ်းရာအဖြစ် ကိုယ့်ကိုလိုအပ်နေပါလျှင် ကိုယ်က သူ့ရဲ့ အားကိုးရာ ဖြစ်ပေးလိုက်ပါမည်။

မဟုတ်သေး။ ဤကလေးငယ်လေးနှင့်ဆိုလျှင် ပူပန်နေရသမျှသော သောကတစ်ဝက်က အလိုလို အေးချမ်းသွားရသည်ဆိုသည်ကိုတော့ဖြင့် လက်သင့်ခံရပေလိမ့်မည်။

***

၂၀၀၆ ခုနှစ် အောက်တိုဘာ ၁၀ ရက်...

ဝေး တစ်ယောက် သစ်ပင်ကြီးကိုမှီလျက် ခြေထောက်ကို ဆင်းကာ စာ ဖတ်နေသည်။ ဘေးတွင်မူ ကလေးပေါက်စလေးက တကုပ်ကုပ်နှင့် ဘာ လုပ်နေမှန်းမသိချေ။ သူကိုင်ထားသည်မှာ ဆွဲကြိုးလေးမှန်း သိသော်လည်း လှမ်းကြည့်လိုက်တိုင်း ကျောလေးပေးကာ လှည့်လှည့်သွားသည်ကြောင့် ချောင်းမကြည့်တော့ပဲ သူလုပ်ချင်ရာ လုပ်ခွင့်ပေးထားလိုက်သည်။

အချိန်တို့က တရွေ့ရွေ့ကုန်ဆုံးလာသလို ဖြတ်သန်းရသည့်နေ့ရက်များက လည်း တဖြည်းဖြည်း ပို၍ ကြမ်းတမ်းလာခဲ့သည်။ စာမတော်ပဲ ကျောင်း တက်ချင်နေသူ ဝေး အတွက် အလကား ပိုက်ဆံဖြုန်းနေသည်ဟူသော ကျိန်ဆဲသံက ကြားရချိန် ပိုပိုစိပ်လာခဲ့၏။

စာမတော်သောကြောင့် ဆူဆဲခံရသည်ဟုထင်မှတ်ကာ စာကို ပို၍ပိုကာ ကြိုးစားပါသော်လည်း ကျိန်ဆဲသံကသာ ပိုပိုကျယ်လောင်လာခဲ့သည်။

အစ်ကိုဖြစ်သူ မူးလာလျှင်လည်း အထိုးခံရသေး၏။ ထိုးချက်၊ ကန်ချက် များအား ခါးစည်းခံနေရသော ကျွန်တော့်ကို အမေကမြင်သော်လည်း ဘာမှ ဝင်မပြောပေးချေ။ သူကတော့ ကျွန်တော်က သူ့ဝမ်းမှ ထွက်လာသည်ဟု ပြော၏။ သူမွေးထားသော ကျွန်တော့်ကို သူကိုယ်တိုင်က အဘယ်ကြောင့် ဉာဏ်မျှ မှန်းတီးနေရပါသနည်း...

သူပြောသလိုသာဆို ကျွန်တော်လည်း သူ့သားပင်မဟုတ်ပါလား...

ထမင်းတစ်လုပ်မြိုတိုင်း တစ်ခါ ကျိန်ဆဲခံရသည်။ ကျောင်းတစ်ရက်တက် တိုင်း တစ်ခါ ရွဲ့စောင်းခြင်းခံရသည်။

အစ်ကိုဖြစ်သူ တစ်ခါမူးလာလျှင် လေး၊ ငါး ခုသော ဒဏ်ရာများက ခန္ တာကိုယ်အနှံ့ထွက်ပေါ်လာတတ်၏။ တစ်ရက်ပြီး တစ်ရက် ဉာဏ်ဒုက္ခများ အား ခါးစည်းခံကာ လောကကြီးအား အခါခါ မေးမြန်းမိသည်။ ဘာကြောင့် လဲ ဟူ၍....

အတွေးရေယာဉ်ကို ဖြတ်တောက်လိုက်တော့ ဘေးမှ ပေါက်စ တစ်ကုပ်ကုပ်လုပ်နေသည်ကို မြင်ရပြန်လေသည်။

အဆိုးထဲမှ အကောင်းဟုဆိုရမည်လား။ ဤကလေးငယ်လေးကတော့ ဝေး အား အတော်ကို ခင်တွယ်ရှာသည်။ လောကကြီးက ဝေး အား ဒုက္ခပေါင်းများစွာ ပေးထားသည့်ကြောင့် ဤကလေးငယ်လေးအား လက်ဆောင်ပြန်ပေးထားသည်ထင်ပါ၏။

မိထွေးနှင့်သားဖြစ်သူ၏ နှိပ်စက်ခြင်းကြောင့် ထိုကလေးလေးက ခြေဦးတည့်ရာပြေးထွက်လာရင်း ဤသစ်ပင်ကြီးအောက်၌ ဝေး နှင့်တွေ့ဆုံခဲ့ခြင်းပင်။

ပါးဖောင်းဖောင်းလေး နီရဲနေအောင် ငိုနေသော ကလေးလေးအား မျက်ရည်လေးသုတ်ပေးလျက် ခေါင်းလေးအား ဖွဖွလေးပုတ်ပေးပြီးချိန်မှစ၍ မုန်းက ဝေးအနားမှာပင် တွယ်ကပ်နေခဲ့သည်။ ထိုအချိန်မှစကာ ဤသစ်ပင်ကြီးက မုန်းနှင့် ဝေး တို့၏ လျှို့ဝှက်နေရာလေး ဖြစ်လာခဲ့၏။

"ပြီးပြီ..!!!"

ဝမ်းသာအားရ ထအော်လာသော ပေါက်စကြောင့် ဝေး သိချင်စိတ်နှင့် လှမ်းကြည့်လိုက်သည်။ ထိုအခါ မုန်း က ဝေး ထံသို့ ပြေးလာကာ သူ့လက်သေးသေးလေးထဲမှ ဆွဲကြိုးလေးအား ဝေး လက်ထဲသို့ ထည့်ပေးလာခဲ့သည်။

ဆွဲကြိုးလေးနှင့်တွဲထားသော နေမင်းသဏ္ဌာန်ဆွဲပြားလေး၌မူ Mhone ဟူသော စာတန်းလေးထွင်းထားလေ၏။ သူ့လက်သေးသေးလေးဖြင့် မရမက ထွင်းထားသည်ကြောင့် စာတန်းလေးများက မညီမညာဖြစ်နေသည်။ သို့သော် ဝေး ကမူ ထိုဆွဲကြိုးလေးအား ငူငူကြီး ထိုင်ကြည့်နေမိသည်။

"ကိုကို့ အတွက်.. "

ငြိမ်သက်နေသော ဝေး ကြောင့် မုန်း က သူ့အသံသေးသေးလေးနှင့် ထပ်ပြောလာခဲ့သည်။

"ကိုကို့ အတွက်လား.."

"အင်း ကိုကို့ အတွက်. ။ ကိုကိုသာ ဒီဆွဲကြိုးလေးဆွဲထားရင် မုန်းက ကိုကို့အနားမှာ အမြဲ ရှိနေသလိုမျိုးဖြစ်သွားပြီ...

မုန်းရဲ့ ကိုကို့နားကို ဘယ်သူမှ ထပ်လာလို့မရတော့ဘူး..."

"အဲ့တော့ ကိုကို ဒီဆွဲကြိုးလေး ဆွဲထားရင် ကိုကို့ဆီ ဘယ်သူမှလာလို့မရဘူးပေ့ါ.."

"အင်း.. ကိုကို က မုန်းအပိုင်..!!

မုန်း တစ်ယောက်တည်းရဲ့အပိုင်..."

"........"

"ကိုကို့နားကို မကောင်းတဲ့သူတွေမလာအောင် မုန်း နဲ့ ဒီဆွဲကြိုးလေးက ကာကွယ်ပေးမယ်..."

***